# ဂျော်ဂျီယာနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များ တရားဝင်အကျိုးသက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှုအကြောင်း လေ့လာတင်ပြခြင်း

စာတမ်းပြုစုတင်ပြသူ -


ဒေါ်မွန်မွန်စံ
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ

ဒေါ်လှဲ့ရည်ထွန်း
ဦးစီးအရာရှိ
လုပ်ထုံးဌာနခွဲ


ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်

**ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်များ**
**တရားဝင်အကျိုးသက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှုအကြောင်း**
**လေ့လာတင်ပြခြင်း**
**မာတိကာ**

**နိဒါန်း**


၁။ နိုင်ငံအကြောင်းအကျဉ်းချုပ်

၂။ အစိုးရစနစ်

၃။ ဂျော်ဂျီယာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၄။ စာတမ်းခေါင်းစဉ်

**ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ တရားဝင် အကျိုးသက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှု** (Legal Effects and Execution of the Judgments of the Constitutional Court of Georgia )

၄-၁ **စာတမ်း မိတ်ဆက်** (Introduction)

၄-၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်ချက်၏အကျိုးသက်ရောက်မှု (The Effect of the Constitutional Court Decision)

၄-၃ စီရင်ချက်များ၏လိုက်နာအကောင်အထည်ဖော်ခြင်း(ဥပမာအမှုများ) (Execution of the Judgments- Case Examples)

(က) စနစ်ကျသည့်ဥပဒေပြင်ဆင်မှုများလိုအပ်ခြင်း (The need for systematic legislative changes)

(ခ) အငြင်းပွားသည့်ဥပဒေပြဋ္ဌာန်းချက်များ၏ တရားမဝင်ဖြစ်မှုများကို ရွှေ့ဆိုင်းထားရခြင်း (Postponing invalidation of disputed norms)

(၁) ဥပဒေပြုကဏ္ဍမှ ဥပဒေဆိုင်ရာပြုပြင်ပြဋ္ဌာန်းခြင်းမပြုခဲ့သည့်အမှုများ (Cases regarding which no Legislative Changes have been enacted)

(၁-က) "SKS" ကုမ္ပဏီလီမိတက်နှင့် ဂျော်ဂျီယာပါလီမန်၊ (အမှုအမှတ် ၁/၁/၆၅၅) အပေါ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

(၁-ခ) "N(N)LE မီဒီယာဖွံ့ဖြိုးမှုအဖွဲ့အစည်းနှင့် N(N)LE သတင်းမီဒီယာ လွတ်လပ်ခွင့်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းနှင့်ပါလီမန်" ၊ (အမှုအမှတ် ၁/၄/၆၉၃,၈၅၇) အပေါ် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

(၁-ဂ) "ဂျော်ဂျီယာနိုင်ငံသား Davit Dzotsenidze နှင့် ပါလီမန်"၊ (အမှုအမှတ် ၂/၈/၇၆၅၁) အပေါ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်ပေးသည့် နောက်ဆုံးရက် ကုန်ဆုံး ပြီးနောက် ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်းသည့် အမှုများ (Cases regarding which Legislative Changes were enacted after expiration of the Deadlines set by the Constitutional Court)

(၂-က) "ဂျော်ဂျီယာနိုင်ငံသား Davit Malania နှင့် ပါလီမန်"၊ (အမှုအမှတ် ၂/၇/၇၇၉)အပေါ် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

(၂-ခ) "LLC. Gigant လုံခြုံရေး နှင့် LLC 'Tigonis လုံခြုံရေးကုမ္ပဏီ' က တစ်ဖက်၊ပါလီမန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန"ကတဖက်၊ (အမှုအမှတ် ၂/၁၁/၇၄၇) အပေါ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

(၂-ဂ) ဂျော်ဂျီယာနိုင်ငံသား Irakli Khvedelidze နှင့် ပါလီမန်၊ (အမှုအမှတ် ၁/၃/၁၂၆၃) အပေါ် ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၁၈ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

၄-၄ သာမန်တရားရုံးများက ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်း (Implementation of Constitutional Standards by Common Courts)

၄-၅ စာတမ်းနိဂုံးချုပ်

၅။ နိဂုံး

၆။ လေ့လာတွေ့ရှိချက်

၇။ ရည်ညွှန်းကိုးကားချက်များ

## နိဒါန်း

ယခုတင်ပြမည့် ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံနေရသောပြဿနာများနှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် AACC အဖွဲ့ဝင်နိုင်ငံများပါဝင်သော Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ၉ ကြိမ်မြောက်နွေရာသီသင်တန်းတွင် ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ တက်ရောက်လာသော ကိုယ်စားလှယ် Giorgi Gvimradze နှင့် Tamar Baramashvili တို့ က တင်ပြခဲ့သော စာတမ်းအား ဘာသာပြန်ဆို၍ လေ့လာတင်ပြခြင်းဖြစ်ပါသည်။ ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ထုတ်ဝေခဲ့သော ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ ၁ တွင် လည်းကောင်း၊ ဂျော်ဂျီယာသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေသည့် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ ၃ တွင် လည်းကောင်း ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

## ၁။ နိုင်ငံအကြောင်းအကျဉ်းချုပ်

ဂျော်ဂျီယာနိုင်ငံသည် အရှေ့ဥရောပနှင့် အနောက်အာရှနယ်စပ်တွင် တည်ရှိသော ကော့ကေးဆပ်တောင်တန်းကြီးများ၏ တောင်ဘက်တွင် တည်ရှိပြီး အနောက်ဘက်တွင် ပင်လယ်နက်၊ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ နောက်တောင်ဘက်တွင် တူရကီယဲနိုင်ငံ၊ တောင်ဘက်တွင် အာမေးနီးယားနိုင်ငံ၊ အရှေ့တောင်ဘက်တွင် အဇာဘိုင်ဂျန်နိုင်ငံတို့ဖြင့် ဝန်းရံထားသည်။ ဂျော်ဂျီယာနိုင်ငံသည် ၂၆,၉၁၁ စရိယာစတုရန်းမိုင် ကျယ်ဝန်းသည်။ နိုင်ငံ၏ ခန့်မှန်းခြေလူဦးရေမှာ ၃.၇ သန်းကျော်ရှိသည်။ မြို့တော်မှာ Tiflis ဖြစ်သည်။ အဓိကဘာသာစကားမှာ ဂျော်ဂျီယန်ဘာသာ စကားဖြစ်ပြီး အဓိကကိုးကွယ်သည့် ဘာသာမှာ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ သုံးစွဲသောငွေကြေးမှာ Georgian lari ဖြစ်သည်။

ဂျော်ဂျီယာနိုင်ငံကို ဒေသ (Regions) ၉ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော Abkhazia နှင့် Adjara ဒေသ ၂ ခု၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ (Municipalities) (၁၆) ဖွဲ့တို့ဖြင့် ပိုင်းခြား အုပ်ချုပ်သည်။[၁] နိုင်ငံ၏ အဓိကပို့ကုန်မှာ ကြေးနီ၊ သတ္တုများ၊ မြေသြဇာ၊ စက်ပစ္စည်းများနှင့် အစေ့အဆံများ ဖြစ်သည်။ ဂျော်ဂျီယာနိုင်ငံသည် ကုလသမဂ္ဂ (UN) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အပြင် ဥရောပကောင်စီ (CE)၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO)၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း (WTO)၊ အပြည်ပြည်ဆိုင်ရာရာဇဝတ် တရားရုံး (ICC) စသည့်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။[၂]

---

[၁] https://en.wikipedia.org/wiki/Administrative_divisions_of_Georgia_(country)
[၂] https://en.wikipedia.org/wiki/Georgia_(country)

ဂျော်ဂျီယာနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုမှ ၁၉၉၁ ခုနှစ်၊ ဧပြီ လ ၉ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ နိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၄ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ နိုင်ငံ၏အမည်ကို "ဂျော်ဂျီယာ" ဟုခေါ်ဆိုရမည်ဖြစ်ပြီး[၃] ဒီမိုကရေစီသမ္မတ နိုင်ငံ ဖြစ်သည်။[၄] နိုင်ငံတော်၏အာဏာကို အာဏာခွဲဝေကျင့်သုံးမှု မူသဘောတရားအပေါ် အခြေခံ၍ ပိုင်းခြားကျင့်သုံးသည်။[၅] နိုင်ငံ၏ ဥပဒေစနစ်မှာ Civil Law Legal စနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။

## ၂။ အစိုးရစနစ်

ဂျော်ဂျီယာနိုင်ငံသည် ပါတီစုံစနစ်ကို ကျင့်သုံးသည့် တစ်ပြည်ထောင်သမ္မတနိုင်ငံ ဖြစ်သည်။ နိုင်ငံ၏အကြီးအကဲမှာ နိုင်ငံတော်သမ္မတဖြစ်ပြီး လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်သည်။[၆] နိုင်ငံတော်သမ္မတကို ၅ နှစ်သက်တမ်းအတွက် ရွေးချယ်ပြီး ပြန်လည် အရွေးချယ်ခံပိုင်ခွင့် ရှိသည်။ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့ (the Electoral College) က ပွင့်လင်းမြင်သာသည့် မဲပေးမှုစနစ်ဖြင့် ရွေးချယ်သည်။[၇] အစိုးရအဖွဲ့ အကြီးအကဲမှာ ဝန်ကြီးချုပ် ဖြစ်သည်။ ဝန်ကြီးချုပ်သည် ဥပဒေပြုပါလီမန်အား တာဝန်ခံရသည်။ အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည်။[၈]

ဂျော်ဂျီယာပါလီမန်သည် ဥပဒေပြုရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်း ဖြစ်သည်။[၉] ဥပဒေပြုပါလီမန်တွင် လွှတ်တော်ကိုယ်စားလှယ် ၁၅၀ ဦးပါဝင်ပြီး သက်တမ်း ၄ နှစ်အတွက် လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်သည်။[၁၀] ဂျော်ဂျီယာနိုင်ငံတွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်သော အသက် ၂၅ နှစ် ပြည့်ပြီးသည့် ဂျော်ဂျီယာနိုင်ငံသားတိုင်းသည် ပါလီမန်လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံပိုင်ခွင့် ရှိကြသည်။[၁၁]

ဂျော်ဂျီယာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် လွတ်လပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၊ တရားလွှတ်တော်ချုပ်နှင့်အတူ သာမန်တရားရုံးများက ကျင့်သုံးဆောင်ရွက်

---

[၃] Article 2(1) of the Constitution of Georgia, 1995
[၄] Article 3(1) of the Constitution of Georgia, 1995
[၅] Article 4(3) of the Constitution of Georgia, 1995
[၆] Article 49 of the Constitution of Georgia, 1995
[၇] Article 50 of the Constitution of Georgia, 1995
[၈] Article 55 of the Constitution of Georgia, 1995
[၉] Article 36 of the Constitution of Georgia, 1995
[၁၀] Article 37(2) of the Constitution of Georgia, 1995
[၁၁] Article 37(4) of the Constitution of Georgia, 1995

သည်။ ဂျော်ဂျီယာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းချုပ်သည့် တရားစီရင်ရေးအဖွဲ့ဖြစ်သည်။ တရားစီရင်ရေးကို သာမန်တရားရုံးများက စီမံခန့်ခွဲပြီး သာမန်တရားရုံးများစနစ်တွင် အထူးတရားရုံးများနှင့် စစ်တရားရုံးတို့ကိုလည်း ဖွဲ့စည်းထားရှိသည်။ သာမန်တရားရုံးများတွင် အမှုများကို ဂျူရီစနစ်ဖြင့် စစ်ဆေးကြားနာပြီး တရားရုံးများ၏ ဆောင်ရွက်မှုစနစ်အား ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည်။[၁၂] တရားလွှတ်တော်ချုပ် Supreme Court သည် သာမန်တရားရုံးများစနစ်တွင် အမြင့်ဆုံးအယူခံတရားရုံးဖြစ်သည်။ တရားလွှတ်တော်ချုပ်ကို တရားသူကြီး အနည်းဆုံး ၂၈ ဦးဖြင့် ပါဝင်ဖွဲ့စည်းရသည်။ တရားလွှတ်တော်ချုပ်တွင် တရားသူကြီးများကောင်စီ၏ အမည်စာရင်းတင်သွင်းမှုအပေါ် မူတည်၍ တရားလွှတ်တော်ချုပ်တရားသူကြီးများအား တရားလွှတ်တော်ချုပ်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အသက်ရောက်သည်အထိ ဘဝတသက်တာအတွက် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် ရွေးချယ်ခန့်ထားရသည်။ တရားသူကြီးများကောင်စီ၏ အမည်စာရင်းတင်သွင်းမှုအပေါ် မူတည်၍ ပါလီမန်သည် ပါလီမန်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ၁၀ နှစ်သက်တမ်းအတွက် တရားလွှတ်တော်ချုပ်အဖွဲ့ဝင်များအနက်မှ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌကို ရွေးချယ် ရသည်။ တရားလွှတ်တော်ချုပ်၏ဥက္ကဋ္ဌရာထူးအား ဆုံးဖြတ်သတ်မှတ်ပြီးသည့် ပုဂ္ဂိုလ်တစ်ဦးသည် ပြန်လည်ရွေးချယ်ခံပိုင်ခွင့်မရှိပေ။[၁၃]

## ၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစီရင်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်သည်။[၁၄] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။[၁၅]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် တရားသူကြီး ၉ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားပြီး တရားသူကြီးများ၏သက်တမ်းမှာ ၁၀ နှစ်ဖြစ်သည်။ တရားသူကြီးများကို နိုင်ငံတော်သမ္မတက ၃ ဦး၊ ပါလီမန်လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၅ ပုံ ၃ ပုံသော ကိုယ်စားလှယ်အများစု၏ ထောက်ခံဆန္ဒမဲ ဖြင့် ၃ ဦး၊ တရားလွှတ်တော်ချုပ်က ၃ ဦးစီ အသီးသီးရွေးချယ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများသည် ဂျော်ဂျီယာနိုင်ငံသား အသက် ၃၅ နှစ် ပြည့်ပြီးသူ၊ အဆင့်မြင့်ဥပဒေပညာဘွဲ့ရရှိပြီးသူ၊ ဥပဒေပညာဖြင့် အသက်မွေးမှုတွင် အနည်းဆုံး လုပ်သက်အတွေ့အကြုံ ၁၀ နှစ် ရှိရမည့်အပြင်၊ ဥပဒေအသက်မွေးဝမ်းကျောင်း

---

[၁၂] Article 59 of the Constitution of Georgia,1995

[၁၃] Article 61 of the Constitution of Georgia, 1995

[၁၄] Article 60(1) of the Constitution of Georgia, 1995

[၁၅] https://www.constcourt.ge/en/court/about-the-court

မှုနယ်ပယ်တွင် ထင်ရှားသည့်သူလည်း ဖြစ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။[၁၆]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌကို တရားရုံးတရားသူကြီးများအနက်မှ ၅ နှစ် သက်တမ်းအတွက် ရွေးချယ်ရမည်။ တရားရုံးဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီးသူတစ်ဦးအား ထပ်မံ၍ ရွေးချယ်ခွင့်မရှိပေ။[၁၇]

ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းလျှောက်ထားနိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှာ နိုင်ငံတော်သမ္မတ၊ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၏ အနည်းဆုံး ၅ ပုံ ၁ ပုံ၊ အစိုးရအဖွဲ့၊ သာမန်တရားရုံးတစ်ရုံး (a common court)၊ တရားသူကြီးများကောင်စီ (High Council of Justice)၊ ရှေ့နေချုပ်၊ နိုင်ငံတော်ဘဏ်ဘုတ်အဖွဲ့ (the Board of National Bank)၊ စာရင်းစစ်ချုပ်၊ ပြည်သူ့အခွင့်အရေးအကာအကွယ်ပေးသူ (the Public Defender)၊ Abkhazia နှင့် Adjara ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အမြင့်ဆုံး ဥပဒေပြုအဖွဲ့ သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့၊ လူပုဂ္ဂိုလ်တစ်ဦးချင်း (a natural person)၊ ဥပဒေအရတရားစွဲဆိုခွင့်ရှိသူ (a legal person) တို့ ဖြစ်ကြသည်။[၁၈]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်သည် နောက်ဆုံးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော အက်ဥပဒေ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်ကို အများပြည်သူသို့ ထုတ်ပြန်ကြေညာသည်နှင့်တပြိုင်နက် အာဏာသက်ရောက်မှု ရပ်စဲရမည်။[၁၉]

## ၄။ စာတမ်းခေါင်းစဉ်

**ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ တရားဝင်အကျိုး သက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှု (Legal Effects and Execution of the Judgments of the Constitutional Court of Georgia )**

### ၄-၁ စာတမ်းမိတ်ဆက်

ဂျော်ဂျီယာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆၀(၅) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်သည် အပြီးအပြတ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း ဆုံးဖြတ်ပြီးဖြစ်သည့် ဥပဒေတစ်ရပ် သို့မဟုတ် ၎င်း၏အစိတ်အပိုင်းတစ်ခုသည် ၎င်းပယ်ဖျက်ရမည့် အချိန်သတ်မှတ်ချက်အား တရားရုံး၏ စီရင်ချက်

[၁၆] Article 60(2) of the Constitution of Georgia, 1995
[၁၇] Article 60(3) of the Constitution of Georgia, 1995
[၁၈] Article 60(4) of the Constitution of Georgia, 1995
[၁၉] Article 60(5) of the Constitution of Georgia, 1995

တွင် ဖော်ပြထားခြင်းမရှိလျှင် သက်ဆိုင်ရာစီရင်ချက်ကို ထုတ်ပြန်ကြေညာသည်နှင့် တစ်ပြိုင်နက် ဥပဒေ၏အာဏာသက်ရောက်မှုသည် ရပ်စဲသည်။

ယေဘုယျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဥပဒေပြဋ္ဌာန်းချက် တစ်ရပ် သည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ခဲ့သည့် စီရင်ချက်များသည် လိုက်နာရမည့်သူကိုယ်တိုင်က လိုက်နာအကောင်အထည်ဖော် ရမည့်အချက်ဖြစ်သည့်အတွက် တရားရုံးက စီရင်ချက်အား ထုတ်ပြန်ကြေညာသည်နှင့် တပြိုင်နက် အဆိုပါဥပဒေ၏ အာဏာသက်ရောက်မှုသည် ရပ်စဲသွားမည်ဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုသည်မှာ အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အား ဥပဒေစနစ်တစ်ရပ်လုံး အတွင်းမှဖယ်ရှားရာရောက်သည့် အမှုများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိ သည့်ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်အား ပယ်ဖျက်ကြောင်း စီရင်ချက်တွင် တစ်ပါတည်းဖော်ပြနိုင်ခြင်း မရှိသည့် အမှုများတွင် တရားရုံး၏စီရင်ချက်များကို မှန်ကန်စွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရအဖွဲ့များသည် လိုအပ်သည့် အရေးယူဆောင်ရွက်ခြင်း များကို ဆောင်ရွက်ရန်နှင့် စနစ်ကျသည့်ပြုပြင်မှုများကိုပြုလုပ်ရန် အထူးအရေးကြီး သည်ဟု မှတ်ချက်ပြု ခဲ့သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်သည် နိုင်ငံတော်အာဏာပိုင်များအကြား တစ်ဦးနှင့်တစ်ဦးယုံကြည်မှုအပေါ်တွင် မူတည်ပေသည်။ ပြီးခဲ့သော နှစ်ပေါင်းများစွာ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏စီရင်ချက်များကို လိုက်နာအကောင် အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် စဉ်ဆက်မပြတ် ပေါ်ပေါက်နေသောပြဿနာများ အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍတို့နှင့် ကောင်းမွန်သောဆက်ဆံရေးကို ထူထောင်ခဲ့သည် ဟုဆိုရမည် ဖြစ်သော်လည်း နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများသည်တရားရုံး၏စီရင်ချက်များ ကို လိုက်နာအကောင်အထည်ဖော်ရမည့် ၎င်းတို့၏တာဝန်ရှိမှုကို ပျက်ကွက်နေဆဲသာ ဖြစ်သည်။

## ၄-၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု (The Effect of the Constitutional Court Decision)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့တွင် အငြင်းပွားသည့်ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အား တရားမဝင်ကြောင်း ကြေညာရမည့်

အချိန်ကာလကိုလည်းကောင်း၊ တရားရုံးစီရင်ချက်၏ အာဏာသက်ရောက်မှုကိုလည်းကောင်း ပြဋ္ဌာန်းထားသည်။

ဥပမာအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၂၃(၁) တွင် ပြဋ္ဌာန်းထားသည်မှာ၊ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် သို့မဟုတ် ၎င်း၏အစိတ်အပိုင်းတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု အတည်ပြုဆုံးဖြတ်ခြင်းသည် တရားရုံး၏စီရင်ချက်အား ထုတ်ပြန်ကြေညာသည့်အချိန်မှစ၍ အဆိုပါဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် ၎င်း၏အစိတ်အပိုင်း သည် ပျက်ပြယ်သည်ဟု ကြေညာခြင်းဖြစ်သည်။

အဆိုပါအပိုဒ်၏ အပိုဒ်ခွဲ ၁၀ တွင် ပြဋ္ဌာန်းထားသည်မှာ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုနှင့်ပတ်သက်သည့် ၎င်း၏ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေး (its executive session) တွင် အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်ကြောင်း မိမိတရားရုံးကပင် ကြေညာခဲ့ပြီးဖြစ်သည့် အလားတူဥပဒေစံနှုန်းများ (the same standards) ပါဝင်နေကြောင်း သုံးသပ်ပါက ၊ တရားရုံးသည် အဆိုပါအမှုကို လက်ခံနိုင်ခြင်းမရှိ (the inadmissibility of the case) ကြောင်းနှင့် သက်ဆိုင်ရာ အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် ၎င်း၏အစိတ်အပိုင်းသည် ပျက်ပြယ်ကြောင်း စီရင်ချက်တွင် ထည့်သွင်းချမှတ်ပေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အထက်ပါ စီရင်ချက်ကို ထုတ်ပြန်ကြေညာပြီးသည့် နောက်တွင် သာမန်တရားရုံးက ချမှတ်ခဲ့သည့် စီရင်ချက်သည်လည်း ပျက်ပြယ်သွားမည် ဖြစ်သည်။

ထိုမှတစ်ပါး တရားမကျင့်ထုံး ဥပဒေ အပိုဒ် ၄၂၃၊ အပိုဒ်ခွဲ ၁ သည် သာမန်တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်များ (final Court decisions) (မီးသေဆုံးဖြတ်ချက်များ - res judicata) အပေါ် ပြန်လည်အမှုဖွင့်ရန် (reopened the case) အတွက် ခိုင်လုံသည့် အခြေခံအကြောင်း ပြချက်များကို သတ်မှတ်ပေးထားသော်လည်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကိုမူ အမှုပြန်လည်ဖွင့်ရန် ခိုင်လုံသည့် အခြေခံအကြောင်းပြချက်တစ်ရပ် ( a ground for reopening) အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပေ။ အဆိုပါ ပြဋ္ဌာန်းချက်သည် တရားမဥပဒေ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေနှင့်သက်ဆိုင်သည့် အမှုနှစ်မျိုးစလုံးနှင့်အကျုံးဝင်သည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှု (ex nunc effect = from now on) အား ကျင့်ထုံးဥပဒေ၏ အမိန့်တစ်ရပ်တွင် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ တစ်ခုတည်းသော ခြွင်းချက်မှာ နောက်ကြောင်းပြန်အကျိုး သက်ရောက်မှုကို ကျင့်သုံးသည့် ပြစ်မှုဆိုင်ရာ

အမှုများနှင့်သာ သက်ဆိုင်သည်။ ပြစ်မှုဆိုင်ရာအမှုများတွင် သာမန်အားဖြင့် နောက်ကြောင်းပြန်အာဏာသက်ရောက်မှုကို ကျင့်သုံးရန်နှင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု ဆုံးဖြတ်ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်အပေါ် အခြေခံသည့် ပြစ်မှုဆိုင်ရာအမှုတစ်ခုကို မူလတရားရုံးများ တွင် ပြန်လည်အမှုဖွင့်နိုင်မည် ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အပိုဒ် ၃၁၈ တွင် ပြစ်မှုတစ်ရပ်နှင့်ဆက်နွယ်သည့် အသစ်(လတ်တလော) ပေါ်ပေါက်လာသည့် အကြောင်းအချင်းအရာ အဖြစ်အပျက်များ ကြောင့် သာမန်တရားရုံးများက ချမှတ်သည့် စီရင်ချက်တစ်ရပ်အား ပြန်လည်သုံးသပ်ရန် အတွက် ခိုင်လုံသည့် အခြေခံအကြောင်းရင်းများကို ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာအမှု တစ်ခုတွင် အကိုးအကား ပြုသည့် ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုမရှိဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ရှိနေပါက သာမန်တရားရုံးများသည် ၎င်းတို့၏ စီရင်ချက်အား ပြန်လည်သုံးသပ်ရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ အထက် ဖော်ပြပါပြဋ္ဌာန်းချက်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ နှင့် စပ်လျဉ်းသည့် ဆိုင်းငံ့ထားသည့် အမှုများလည်း ရှိပေသည်။

အမှုတွင် စောဒကတက်သူများက ဖော်ပြကြသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏စီရင်ချက်များသည် လူ့အခွင့်အရေးကို ကာကွယ်ရန်ထိရောက်သည့် ကုစားမှု တစ်ခု ဖြစ်သင့်ပြီး၊ တရားရုံးသည် အမှုတစ်ခုချင်းစီအပေါ်အခြေပြု၍ တိကျပြတ်သား သည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်ဖြစ်ကြောင်း၊ တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ဟု ဆုံးဖြတ်ပြီးဖြစ်သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် မည်သည့်နေ့ရက် တွင် ပျက်ပြယ်သည်ဆိုသည့်အချက်နှင့် ၎င်း၏စီရင်ချက်သည် နောက်ကြောင်းပြန် အကျိုးသက်ရောက်စေရမည်ဟူသည့် ပြတ်သားစွာ ဆုံးဖြတ်ပေးရမည့်အချက်များ ပါရ မည်ဟု ဆိုသည်။

အမှုတင်သွင်းသူများက ဆက်လက်၍ စောဒကတက်ကြသည်မှာ တရားမနှင့် စီမံခန့်ခွဲရေးဆိုင်ရာအမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက ကြေညာပြီးဖြစ်သည့် ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်အား ကိုးကား၍ နောက်ဆုံးတရားရုံးများ (Final Courts) က စီရင်ဆုံးဖြတ်ခဲ့သည့် အပြီးသတ် ဆုံးဖြတ်ချက်များ (မီးသေဆုံးဖြတ်ချက်များ) အား ပြန်လည်အမှုဖွင့်ရန်အတွက် ခိုင်လုံ သည့် ဥပဒေအကြောင်းရင်းခံတစ်ရပ် (a legal ground for the reopening of final

court decisions) အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လက်ခံအသိအမှတ်ပြု ရလိမ့်မည်ဟု စောဒကတက်ကြသည်။

အထက်တွင် ဖော်ပြခဲ့သည့် အကြောင်းများကြောင့် တရားရုံးရှေ့တွင် အငြင်းထွက်မှု ပေါ်ပေါက်သည့် ဥပဒေပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အရေးပါမှု ကို ယုတ်လျော့စေကြောင်းနှင့် မျှတသော တရားယှဉ်ပြိုင်ခွင့် အခွင့်အရေး (the right to a fair trial) နှင့် လိုက်လျောညီထွေမှု မရှိကြောင်း စောဒကတက်သူများက အလေးထားဖော်ပြခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုထားသည့်အတိုင်း အမေးပေါ် ပေါက်သည့်အမှုတွင် - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်ကို ထုတ်ပြန် ခြင်းမပြုမီ၊ အမှုပိတ်သိမ်းပြီးဖြစ်သည့် တရားမနှင့် စီမံခန့်ခွဲရေးဥပဒေဆိုင်ရာ အမှုများတွင် သာမန်တရားရုံးက မဖြစ်မနေဆုံးဖြတ်ရမည့် ဥပဒေဆိုင်ရာအငြင်းပွားမှု တည်ရှိနေဆဲ ဖြစ်ပါက -

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်သည် မည်သို့အကျိုးသက်ရောက် သင့်သနည်း?
- သာမန်တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် မည်သို့အကျိုးသက်ရောက်သင့်သနည်း?
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ပြဋ္ဌာန်းချက်တစ်ရပ်အပေါ်အခြေပြုသည့် တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက် (မီးသေဆုံးဖြတ်ချက်) အား ပြန်လည်အမှုဖွင့်ရန် ခိုင်လုံသည့် အကြောင်းပြချက်များ (grounds for reopening) ဖြစ်သင့်သလား? ဆိုသည် တို့ ဖြစ်သည်။

ပါလီမန်ကော်မရှင်က ဖော်ပြခဲ့သည်မှာ - ပါလီမန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုအပေါ် အဆုံးအဖြတ်ပြုရန် တိကျပြတ်သားသည့် အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ပေးအပ် ထားခြင်း ရှိပုံမရပေ။ သို့သော် တိကျပြတ်သားသည့် နည်းဥပဒေ မရှိသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဆိုပါကိစ္စအပေါ် အဆုံးအဖြတ် ပြုပေး ရပေလိမ့်မည်ဟု ဖော်ပြထားသည်။

## ၄-၃ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်း (ဥပမာအမှုများ) (The Execution of the Judgments (Case Examples)

### (က) စနစ်ကျသည့်ဥပဒေပြင်ဆင်မှုများလိုအပ်ခြင်း (The need for systematic legislative changes)

၂၀၁၉ ခုနှစ်တွင် ဂျော်ဂျီယာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဂျော်ဂျီယာနိုင်ငံ ပြည်သူ့အခွင့်အရေးအကာအကွယ်ပေးသူ (Public Defender of Georgia) နှင့် ဂျော်ဂျီယာပါလီမန် (the Parliament of Georgia) တို့အကြား ဖြစ်ပွားသည့်အမှု၏ စီရင်ချက်အမှတ် ၁/၆/၇၇၀ ကို ချမှတ်ခဲ့ပါသည်။ အဆိုပါအမှုတွင် တရားရုံးသည် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ တရားမဝင်ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် သုံးစွဲခြင်း တို့အတွက် ထောင်ဒဏ်ချမှတ်ခြင်းနှင့်စပ်လျဉ်းသည့် အရေးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစံသတ်မှတ်ချက်များ (Important Constitutional Standards) ကို ချမှတ်ခဲ့သည်။ တရားရုံးက မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် စွဲလောက်သည်ထိ မဖြစ်ဘဲ သို့မဟုတ် မူးယစ်ဆေးဝါးကြောင့် စိတ်ရိုင်းဝင်သည့် အပြုအမူအထိမဖြစ်ဘဲ သုံးစွဲရုံလောက်သာရှိသည့် ပမာဏကို သုံးစွဲခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့်စပ်လျဉ်းသည့် အမှုမျိုးတွင် ထောင်ဒဏ်ချမှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု သုံးသပ်ခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပါလီမန်အနေဖြင့် လိုအပ်သောဥပဒေဆိုင်ရာ ပြင်ဆင်မှုများကို ဆောင်ရွက်ခြင်းမရှိပေ။ ပါလီမန်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်ပါ သတ်မှတ်ထားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်ကျသည့် ဥပဒေပြင်ဆင်မှုများကိုဖြစ်စေ၊ စည်းကမ်းသတ်မှတ်မှုများကိုဖြစ်စေ အစပြုဆောင်ရွက်ရန်အတွက်လည်း အရေးကြီးပေသည်။

### (ခ) အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်များ၏ မခိုင်မာမှုများကို ရွှေ့ဆိုင်းထားရခြင်း (Postponing invalidation of disputed norms)

တရားရုံးသည် အကယ်၍ ၎င်း၏ စီရင်ချက်အား ထုတ်ပြန်ကြေညာသည့်အပေါ် မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော ပြဋ္ဌာန်းချက်တစ်ရပ်၏ တရားဝင်အတည်မဖြစ်မှုကြောင့် ပုဂ္ဂလိကနှင့်အများပြည်သူအကျိုးကို ထိခိုက်စေနိုင်ပါက၊ အငြင်းပွားသည့်ဥပဒေ၏ တရားဝင်အတည်မဖြစ်မှုအတွက် သက်ဆိုင်ရာစီရင်ချက်အား အနီးစပ်ဆုံးကာလအတွင်း ပြန်လည်သုံးသပ်ရမည်။ အဆိုပါကိစ္စရပ်များတွင် တရားရုံးသည် ဥပဒေတစ်ရပ်အား စီရင်ချက်ထုတ်ပြန်ပြီး ချက်ချင်းပယ်ဖျက်ရမည်မဟုတ်ဘဲ သီးခြားရက်သတ်မှတ်၍ ပယ်ဖျက်ရမည်။

အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အား ပယ်ဖျက်ရမည့်အချိန်ကို ရွှေ့ဆိုင်းရခြင်း၏ ရည်ရွယ်ချက်သည် အဆိုပါ ဥပဒေ၊ စည်းမျဉ်းကို ပယ်ဖျက်ခြင်းမရှိဘဲ၊ အများပြည်သူက ဆက်လက် သုံးစွဲရန် ခွင့်ပြုထားခြင်းမဟုတ်ဘဲ၊ အဆိုပါအငြင်းပွားသည့်ဥပဒေအား ဥပဒေဆိုင်ရာ မူဘောင် ချမှတ်၍ တရားဝင်ဥပဒေအဖြစ်ဆောင်ရွက်ရန် ခြင်းချက်မရှိ လိုအပ်ခြင်းကြောင့် ဖြစ်သည်။

**(၁) ဥပဒေပြုကဏ္ဍမှ ဥပဒေဆိုင်ရာပြုပြင်ပြဋ္ဌာန်းခြင်း မပြုခဲ့သည့်အမှုများ (Cases regarding which no Legislative Changes have been enacted)**

**(က) "SKS"ကုမ္ပဏီလီမိတက် နှင့် ဂျော်ဂျီယာပါလီမန်၊ (အမှုအမှတ် ၁/၁/၆၅၅) အပေါ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်**

၂၀၁၉ ခုနှစ်၊ ဧပြီ လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ပထမ ရုံးထိုင်သည့်အဖွဲ့ (the First Board) သည် "SKS ကုမ္ပဏီလီမိတက် နှင့် ဂျော်ဂျီယာပါလီမန်" (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှု အမှတ် ၆၅၅) အမှုအပေါ် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ အဆိုပါအမှုတွင် တရားရုံးသည် ပြည်သူ့ဝန်ဆောင်မှုဥပဒေ (the Public Procurement law) ပါပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ သုံးသပ်ခဲ့သည်။

အငြင်းပွားသည့်စည်းမျဉ်းအရ စာတိုက် လုပ်ငန်း ကုမ္ပဏီလီမိတက် (ပုဂ္ဂလိက လုပ်ငန်း) ၏ လုပ်ငန်းလိုင်စင်အရ ဆောင်ရွက်သည့် စာတိုက်နှင့်အမြန်ချောပို့ ဝန်ဆောင်မှုလုပ်ငန်းသည် ပြည်သူ့ဝန်ဆောင်မှုဥပဒေနှင့် သက်ဆိုင်အကျုံးဝင်ခြင်း မရှိကြောင်း ဖော်ပြခဲ့သည်။

အငြင်းပွားသည့်စည်းမျဉ်းအရ အခြားစီးပွားရေးလုပ်ငန်းလုပ်ဆောင်နေသည့် လုပ်ငန်းရှင်များနှင့်နှိုင်းယှဉ်လျှင် စာတိုက်လုပ်ငန်းကုမ္ပဏီလီမိတက်သည် ဈေးကွက်အခွင့်အလမ်းသာလွန်သည့် အခြေအနေတွင်ရှိကြောင်း တရားရုံးအနေဖြင့် တွေ့ရှိခဲ့သည်။ တရားရုံးအနေဖြင့် အငြင်းပွား သည့်ဥပဒေစည်းမျဉ်းသည် -

(က) စာတိုက်နှင့် အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းအား နိုင်ငံတစ်ဝန်းလုံး၌ ဆောင်ရွက် နိုင်စေရန် စာတိုက်လုပ်ငန်းကုမ္ပဏီလီမိတက်ကို တာဝန်ပေးအပ်ထားကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြမထားခြင်း၊

(ခ) စာတိုက်နှင့် အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းကို စာရိတ်စကသက်သာစွာဖြင့် နိုင်ငံတစ်ဝန်းလုံး၌ ဝန်ဆောင်မှုပေးရန်အတွက် ပွင့်လင်းမြင်သာပြီး ရည်မှန်းချက်ကို ပြည့်မီအောင်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် သတ်မှတ်ချက်များ မရှိခြင်း၊

(ဂ) စာတိုက်လုပ်ငန်းကုမ္ပဏီလီမိတက်သည် ကုန်ကျစရိတ်ကိုနှုတ်ပြီး ၎င်းရသင့်ရထိုက်သည့် အကျိုးအမြတ်ထက် ပိုမိုရနိုင်ဖွယ်ရှိခြင်းကို တားဆီးမည့်နည်းဥပဒေ မရှိခြင်း၊

တို့ဖြစ်ကြောင်း သုံးသပ်သည်။ သို့ဖြစ်သောကြောင့် အငြင်းပွားသည့်ဥပဒေစည်းမျဉ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ကြေညာခဲ့သည်။

စာတိုက်လုပ်ငန်းကုမ္ပဏီလီမိတက်၏နိုင်ငံတစ်ဝန်းသင့်တင့်သည့်ဈေးနှုန်းဖြင့် စာတိုက် နှင့်အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းအား ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းစဉ်အား အခက်အခဲမဖြစ်စေရန်နှင့် စာတိုက်နှင့်အမြန်ချောပို့ဝန်ဆောင်မှုအား ရယူထားသူများ၏ အကျိုးစီးပွားကိုဆိုးရွားစွာထိခိုက်ခြင်း မရှိစေရန်တို့အတွက် အငြင်းပွားသည့် ဥပဒေစည်းမျဉ်းပြဋ္ဌာန်းချက်အားဖျက်သိမ်းစေခြင်းကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တရားမဝင်ဟု ဆုံးဖြတ်ပြီးသည့် ဥပဒေစည်းမျဉ်းကို ဖျက်သိမ်းရန်နောက်ဆုံးသတ်မှတ်ရက် ကုန်ဆုံးသွားသော်လည်း ဥပဒေပြုရေးကဏ္ဍက သက်ဆိုင်သည့် ဥပဒေပြင်ဆင်မှုများကို ဆောင်ရွက်ခြင်းမရှိခဲ့ပေ။ ဖော်ပြထားသည့် ဥပဒေဆက်နွယ်မှုပြဿနာကြောင့် ပါလီမန်အနေဖြင့် သင့်လျော်မှုမရှိသော်လည်း ပြည်သူ့ဝန်ဆောင်မှုဥပဒေ၏ ဥပဒေအရတရားဝင်မှုကို ရှည်ကြာစေမည့်နည်းလမ်းကို စဉ်းစားခဲ့သည်။

**(ခ) "N(N)LE မီဒီယာဖွံ့ဖြိုးမှု အဖွဲ့အစည်းနှင့် N(N)LE သတင်းမီဒီယာလွတ်လပ်ခွင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းနှင့် ပါလီမန်"၊ (အမှုအမှတ် ၁/၄/၆၉၃,၈၅၇) အပေါ် ၂၀၁၉ ခုနှစ်၊ ဇွန် လ ၇ ရက်နေ့တွင် ချမှတ်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်**

၂၀၁၉ ခုနှစ်၊ ဇွန် လ ၇ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ပထမရုံးထိုင်သည့်အဖွဲ့ (the First Board) သည် N(N)LE မီဒီယာဖွံ့ဖြိုးမှုအဖွဲ့အစည်းနှင့် N(N)LE သတင်းမီဒီယာ လွတ်လပ်ခွင့်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းနှင့် ပါလီမန်အမှု (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှု အမှတ် N ၆၉၃ နှင့် N ၈၅၇) ၏ စီရင်ချက်ကို ချမှတ်ခဲ့သည်။ တရားရုံးသည် စီမံခန့်ခွဲရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အချက်အလက်များအား ကာကွယ်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ကြေညာခဲ့သည်။

တရားရုံးကမှတ်ချက်ပြုသည်မှာ တရားရုံး၏လက်ရှိစနစ်အရ တရားရုံးဆုံးဖြတ်ချက်အပြည့်အစုံပါသည့် စီရင်ချက်စာသားကို ထပ်တူထပ်မျှရရှိရန် လက်တွေ့အားဖြင့် မဖြစ်နိုင်

သကဲ့သို့ပင် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှို့ဝှက်ချက် သတင်းအချက်အလက်ကို ထိန်းသိမ်းကာကွယ်ရမည်ဆိုသည့်ကိစ္စတွင် ပုဂ္ဂိုလ်တစ်ဦး၏အချက်အလက်အကြောင်းအရာများသည် အများပြည်သူအတွက် အကျိုး တစ်စုံတစ်ရာမရှိသည့်ကိစ္စသည်လည်း အလားတူသုံးသပ်ရပေသည်။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အချက်အလက်အား ထိန်းသိမ်းရမည်ဆိုသည့် သဘောတူညီချက်တစ်ရပ်မရှိခဲ့သည့်တိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားသည့် အခွင့်အရေးနှစ်ရပ်အကြား ထိန်းညှိခြင်း (the balance between two constitutionally protected rights) တွင် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အချက်အလက်များကို ကာကွယ်ရမည်ဆိုသည့်အချက်သည် ခြွင်းချက်မရှိ အလေးပေးရမည့်အချက်ဖြစ်သည်။ တရားရုံး၏အဆိုအရ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အချက်အလက်အား အလေးထားရမည်ဆိုသည့် ဦးစားပေးထိန်းညှိမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုထားသည့် အစီအစဉ်အတိုင်းဖြစ်ရမည့်/ ဝါစဉ်အဆင့်အလိုက် ရှိနေသည့် ဥပဒေစံသတ်မှတ်ချက်တန်ဖိုးများ (the order of values recognized by the Constitution of Georgia) နှင့် လိုက်လျောညီထွေ ရှိနိုင်မည်မဟုတ်ဟု ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုသည်မှာ အကယ်၍ အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်များအား ပျက်ပြယ်ကြောင်းချက်ချင်းကြေညာခဲ့မည်ဟုဆိုပါက၊ ပုဂ္ဂိုလ်ရေး လျှို့ဝှက်ထားရမည့် အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ပြီး၊ ပုဂ္ဂိုလ်ရေးအချက်အလက်ကို ကာကွယ်ရန်အလို့ငှာ တရားရုံးက အများပြည်သူသို့ ၎င်း၏စီရင်ချက်ကို ထုတ်ပြန်ရန်ငြင်းဆို ခြင်းအတွက် အကြောင်းပြချက်တစ်စုံတစ်ရာ ပေးရန်လည်း လိုလိမ့်မည်မဟုတ်ဟု မှတ်ချက်ပြု ခဲ့သည်။ ထို့ကြောင့် အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်၏ ပျက်ပြယ်ကြောင်းကြေညာချက်အား ၂၀၂၀ ပြည့်နှစ်၊ မေ လ ၁ ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့သည်။ ဤအမှုတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးက ပါလီမန်အား သတ်မှတ်ပေးခဲ့သည့်အချိန်ကာလကျော်လွန်သွားခဲ့သော်လည်း ပါလီမန်သည် သက်ဆိုင်သည့် ဥပဒေပြင်ဆင်မှုများကို ဆောင်ရွက်ခြင်း မရှိခဲ့ပေ။

**(ဂ) ဂျော်ဂျီယာနိုင်ငံသား Davit Dzotsenidze နှင့် ပါလီမန်၊ (အမှုအမှတ် ၂/၈/၇၆၅) ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ လ ၇ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်**

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ လ ၇ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် “ဂျော်ဂျီယာနိုင်ငံသား Davit Dzotsenidze နှင့် ပါလီမန်” (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်လွှာ အမှတ် ၇၆၅) အမှုတွင် ၎င်း၏စီရင်ချက်ကို ချမှတ်ခဲ့ပြီး၊ တရားမကျင့်ထုံးဥပဒေ အပိုဒ် ၄၂၃၊ အပိုဒ်ခွဲ ၁ (စ) အရ တရားရုံးတစ်စုံတစ်ရာ၏ အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ်ကို ပယ်ဖျက်နိုင်ချေရှိသည့် တရားမကျင့်ထုံးဥပဒေပါ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံ

ဥပဒေနှင့် ညီညွတ်မှုမရှိဟု ကြေညာခဲ့သည်။ တရားရုံးက ဆုံးဖြတ်ခဲ့သည်မှာ အဆိုပါပြဋ္ဌာန်းချက်သည် မျှတသော တရားယှဉ်ပြိုင်ခွင့် (a fair trail) နှင့် လိုက်လျောညီထွေမှု မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

တရားရုံးကမှတ်ချက်ပြုသည်မှာ (အသစ်) လတ်တလောပေါ်ပေါက်လာသည့် အဖြစ်အပျက် အကြောင်းခြင်းရာများ (newly discovered circumstances) အပေါ် မူတည်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့ အဆိုတင်သွင်းသည့် အမှုတိုင်းတွင် အငြင်းထွက်သည့် ပြဋ္ဌာန်းချက်အား ခြွင်းချက်မရှိ မှန်ကန်ကြောင်း သက်သေပြပြီး ဖြစ်သည့် တရားရုံးတစ်စုံတစ်ရာ၏ အာဏာသက်ရောက်ဆဲ အပြီးသတ်စီရင်ချက်များ အားလုံးသည် လုံးဝပျက်ပြယ်မည်ဟု ဆိုသည်။ (အသစ်)လတ်တလောပေါ်ပေါက်လာသည့်သက်သေခံချက် နှင့် အကြောင်းခြင်းရာ အဖြစ်အပျက်များသည် တရားရုံးတစ်စုံတစ်ရာ၏စီရင်ချက် တရားဝင်အာဏာသက်ရောက်မှုကို ပြန်လည်သုံးသပ်ရန် လိုအပ်ရုံမျှမက ၎င်း၏ တစ်စိတ်တစ်ပိုင်းကိုလည်း သုံးသပ်ရန် ညွှန်ပြနေကြောင်း တရားရုံးက တွေ့ရှိခဲ့သည်။ အမှုတွင် ပါဝင်သည့်အမှုသည်များ၏ အကျိုးစီးပွားအား ထိန်းညှိရာတွင် လျော့ရဲသည့်ကန့်သတ်မှုများ (a less restrictive measure) သည် အမှုတစ်မှုချင်းစီအတွက် မခိုင်မာသည့်ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ရန် တရားသူကြီးများအား ခွင့်ပြုရာရောက်လိမ့်မည်ဟု ဆိုသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အပေါ်မူတည်၍ အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်အား ပယ်ဖျက်သည့်ကိစ္စတွင် မူလစီရင်ချက်လည်း ပျက်ပြယ်ခြင်းအတွက် တရားဝင်အကြောင်းပြချက်ပေးရန် ရှိမည်မဟုတ်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် လတ်တလောပေါ်ပေါက်လာသည့်အဖြစ်အပျက်များတွင် သာမန်တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အား ပျက်ပြယ်စေခြင်းသည် မျှတသောတရားယှဉ်ပြိုင်ခွင့်အခွင့်အရေး (the right to a fair trail) အတွက် လိုအပ်ချက်တစ်ရပ် လည်းဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆိုသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် ထုတ်ပြန်ပြီးနောက် အငြင်းပွားသည့် ပြဋ္ဌာန်းချက်တစ်ရပ်အား ချက်ချင်းပျက်ပြယ်စေခြင်းသည် မျှတသော တရားယှဉ်ပြိုင်ခွင့် အခွင့်အရေး (the right to a fair trail) အား ချိုးဖောက်ခြင်းကို ဦးတည်စေသည် ဟုဆိုသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိသည့် ဥပဒေပြဋ္ဌာန်းချက်အား ပျက်ပြယ်ကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၃၀ ရက်နေ့အထိ ရွှေ့ဆိုင်း ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပါလီမန်အား သတ်မှတ်ပေးခဲ့သည့် အချိန်ကာလ ကျော်လွန်သွားခဲ့သော်လည်း ပါလီမန်သည် သက်ဆိုင်ရာဥပဒေပြင်ဆင်မှုများကို

ဆောင်ရွက်ခြင်း မရှိခဲ့ပေ။ အမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ရှင်းလင်းပြတ်သားစွာဖော်ပြထားသည့်ကိစ္စအပေါ် ပါလီမန်က အရေးယူဆောင်ရွက်မှု မရှိခြင်းသည်လည်း မျှတသော တရားယှဉ်ပြိုင်ခွင့် အခွင့်အရေး (the right to a fair trail) ကို ချိုးဖောက်သည့် ရလဒ်ကို ရရှိနိုင်ပြီး အဆိုပါအချက်သည် ပြဿနာဖြစ်ပေါ်နိုင်ချေ မြင့်မားသည့် ပါလီမန်၏ ဆောင်ရွက်ချက်အဖြစ် စဉ်းစားရလိမ့်မည်ဟု တရားရုံးကမှတ်ချက်ပြု ခဲ့သည်။

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်ပေးသည့် နောက်ဆုံးရက်ကုန်ဆုံးပြီးနောက် ဥပဒေပြောင်းလဲပြဌာန်းခြင်းနှင့်စပ်လျဉ်းသည့်အမှုများ (Cases regarding which Legislative Changes were enacted after the Expiration of the Deadline set by the Constitutional Court)**

**(၂-က) ဂျော်ဂျီယာနိုင်ငံသား Davit Malania နှင့် ပါလီမန်၊ (အမှုအမှတ် ၂/၇/၇၇၉) အပေါ် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်**

အချို့သောအမှုများတွင် ပထမမူလတရားရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးသတ်ဖြစ်သည့်အပြင် အယူခံဝင်ခွင့်မရှိဟု ပြဌာန်းထားသည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်မှုကျင့်ထုံးဥပဒေပါ ပြဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု မရှိဟု အထက်ပါအမှုတွင် ဆုံးဖြတ်ကြေညာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုသည်မှာ အငြင်းပွားသည့် ဥပဒေပြဌာန်းချက်အရ စီမံခန့်ခွဲရေးဆိုင်ရာအခြားအရေးယူမှုများအနက် ချုပ်နှောင်မှုကို ပြစ်ဒဏ်အဖြစ် ပြဌာန်းထားသည့် ပြစ်မှုများအပါအဝင် ကြီးလေးသည့်ပြစ်မှုများအတွက် ဥပဒေအရတာဝန်ရှိသည့် ကိစ္စရပ်တွင် အယူခံတရားရုံးများ၌ အယူခံတက်နိုင်ချေရှိခြင်းကို ပိတ်ပင်ထားသည်ဟု ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်သည့် စံသတ်မှတ်ချက် (the standard) အရ ကြီးလေးသည့်ပြစ်မှုအတွက် တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ထိုသူအပေါ်တွင် ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ ထည့်သွင်းစဉ်းစားရန် မလိုဘဲ၊ အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံတက်ခွင့် အခွင့်အလမ်းရှိရမည်ဟု ဆိုခြင်းဖြစ်သည်။

တရားရုံးများ၏ လက်တွေ့အလေ့အထများနှင့် မကိုက်ညီသည့် စီမံခန့်ခွဲရေးဆိုင်ရာအမှုများတွင် အယူခံတရားရုံးသို့ အယူခံဝင်ခွင့်အခွင့်အရေးအား ကန့်သတ်ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက တွေ့ရှိခဲ့သည်။

မူလရုံးများက ဥပဒေပြဋ္ဌာန်းချက်များအားကွဲပြားစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် ကိစ္စတွင် အယူခံအားလက်မခံနိုင်ခြင်းသည် ဥပဒေ၏တိကျခိုင်မာမှုကိုအရေးပါသည့်ထိပါးမှုကို ဖြစ်စေသည်ဟု ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏အဆိုအရ အငြင်းထွက်သည့်ဥပဒေပြဋ္ဌာန်းချက်များသည် တရားရုံးများအား မနိုင်သည့်ဝန်ကို ထမ်းစေခြင်းမှ ကာကွယ်ရန်ရည်ရွယ်ချက်အတွက် ဥပဒေအရ တာဝန်ထမ်းဆောင်မှုဖြစ်သည်ဟုဆိုသည်။ စောဒကတက်လာသည့် ဥပဒေပြဋ္ဌာန်းချက်အား ချက်ချင်းပယ်ဖျက်ခြင်းသည် အယူခံတရားရုံးများတွင် အမှုပြန်လည်ဖွင့်ရန် ရလဒ်ကို ရရှိစေမည်ဖြစ်သည်ဟု ဆိုသည်။ အဆိုပါအချက်များအရ အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်အား ပယ်ဖျက်သည့် ကြေညာခြင်းအား ၂၀၁၉ ခုနှစ်၊ မတ် လ ၃၁ ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့သည်။

ပါလီမန်သည် အယူခံတရားရုံးများတွင် အယူခံမှုတစ်ခုအား လက်ခံခွင့်ပြုနိုင်ရန်လိုအပ်သည့် ကြိုတင်စည်းကမ်းချက်များ (the preconditions) နှင့် သက်ဆိုင်သည့် ဥပဒေပြင်ဆင်ခြင်းများကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေပြင်ဆင်ခြင်းများသည် ၂၀၂၀ ပြည့်နှစ်၊ မေ လ ၂၈ ရက်နေ့တွင် အာဏာတည်ခဲ့သည်။ ယခုအမှုတွင် ဥပဒေပြင်ဆင်ခြင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်သည့် အချိန်ကာလကုန်ဆုံးပြီးနောက်မှ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

### (၂-ခ) "LLC. Gigant လုံခြုံရေး နှင့် LLC 'Tigonis လုံခြုံရေးကုမ္ပဏီ'ကတစ်ဖက်၊ ပါလီမန်နှင့်ပြည်ထဲရေးဝန်ကြီးဌာန" က တစ်ဖက်၊ (အမှုအမှတ် ၂/၁၁/၇၄၇) အပေါ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ လ ၁၄ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုအမှတ် - ၇၄၇ "LLC. Gigant လုံခြုံရေးနှင့် LLC 'Tigonis လုံခြုံရေးကုမ္ပဏီ' က တစ်ဖက်၊ နှင့် ပါလီမန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန"ကတစ်ဖက်၊ အမှုအား တစ်စိတ်တစ်ဒေသအားဖြင့် ဆုံးဖြတ်ချက်ချခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုခဲ့သည်မှာ လုံခြုံရေးရဲဌာနသည် စောင့်ကြည့်စစ်ဆေးသည့် အဖွဲ့ဖြစ်သည့်အလျောက် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအား အကန့်အသတ်မရှိ ရယူခွင့်ရှိကြောင်း သုံးသပ်ခဲ့သည်။ ထိုသို့ရယူပိုင်ခွင့်သည် လုံခြုံရေးရဲဌာနအား အရေးပါသည့် အာဏာများ တပ်ဆင်ပေးခဲ့ရာ ရောက်ပြီး၊ စီးပွားရေးဈေးကွက်အတွင်း လွတ်လပ်စွာ စီးပွားယှဉ်ပြိုင်မှုအား ကန့်သတ် ချုပ်ချယ်ရာရောက်သည့် ကြီးမားသည့်ထိခိုက်မှုကိုဖြစ်စေခြင်း

ဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ဥပဒေပြုကဏ္ဍသည် ပုဂ္ဂလိကတစ်ဦးက ၎င်း၏ စီးပွားပြိုင်ဘက်များ၏ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ရယူနိုင်ချေရှိမှုကို တားမြစ်သည့် ယန္တရားကို တည်ထောင်ရန် တာဝန်ရှိကြောင်း တရားရုံးက တွေ့ရှိခဲ့သည်။ ထို့ကြောင့် အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် အငြင်းပွားသည့် ဥပဒေပြဋ္ဌာန်းချက်အား တရားမဝင်ဟု ဆုံးဖြတ်ခဲ့သည့် တရားရုံး၏ဆုံးဖြတ်ချက်သည် ပုဂ္ဂလိကတစ်ဦးချင်း၏ ဈေးကွက်အာမခံမှုနှင့် သုံးစွဲသူများအပေါ် ဆိုးရွားသည့် သက်ရောက်မှုကို ဖြစ်စေနိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက မှတ်ချက်ပြုခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဥပဒေပြဋ္ဌာန်းချက်များအား ပယ်ဖျက်ခြင်းကို ၂၀၁၉ ခုနှစ်၊ ဇွန် လ ၃၀ ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၉ ရက်နေ့တွင် ပါလီမန်သည် ဥပဒေပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး၊ အဆိုပါပြင်ဆင်မှုများအရ ပုဂ္ဂလိက လုံခြုံမှုစီမံခန့်ခွဲရေးဆိုင်ရာစင်တာ “၁၁၂” ကို လုံခြုံရေးကဏ္ဍအား ကြီးကြပ်ကြပ်မတ်ရန်ဆောင်ရွက်သည့် အဖွဲ့တစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့သည်။ အဆိုပါဥပဒေပြင်ဆင်ခြင်းများသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၃၁ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့သည်။ ဤနေရာတွင်လည်း ဥပဒေပြင်ဆင်ခြင်းများကို တရားရုံးက သတ်မှတ်ခဲ့သည့် နောက်ဆုံးရက်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဇွန် လ ၃၀ ရက်နေ့ ကျော်လွန်ပြီးနောက်မှ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

### (၂-ဂ) “ဂျော်ဂျီယာနိုင်ငံသား Irakli Khvedelidze v. ပါလီမန်”၊ (အမှုအမှတ် ၁/၃/ ၁၂၆၃) အပေါ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ချမှတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ချက်

၂၀၁၉ ခုနှစ်၊ ဧပြီ လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် “Irakli Khvedelidze v. ပါလီမန်”၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လျှောက်လွှာအမှတ် ၁၂၆၃ အမှုကို စီရင်ချက်ချခဲ့သည်။ တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ကြေညာထားသည့်ဥပဒေပြဋ္ဌာန်းချက်အရ စီမံခန့်ခွဲရေးဆိုင်ရာအမှုအပေါ် သက်ဆိုင်ရာတရားရုံးက ချမှတ်သည့်အမိန့်အားအယူခံဝင်ရန်အတွက် အချိန်ကာလသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အမိန့်ချမှတ်သည့်နေ့မှ စတင်သည်ဟု ဆိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိသော ဥပဒေပြဋ္ဌာန်းချက်အား ၂၀၁၉ ခုနှစ် ၊ ဇူလိုင် လ ၁ ရက်နေ့တွင် တရားမဝင်ကြောင်း ကြေညာခဲ့သည်။

အဆိုပါအမှုတွင် သက်ဆိုင်သည့်ဥပဒေပြင်ဆင်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက သတ်မှတ်ထားသည့် သက်တမ်းကုန်ဆုံးပြီးနောက်မှသာ ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ လ ၁၆ ရက်နေ့တွင် ပါလီမန်သည် အထက်ဖော်ပြပါ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ လ ၂၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။

## ၄-၄ သာမန်တရားရုံးများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်း (Implementation of Constitutional Standards by Common Courts)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စတင်ဆောင်ရွက်ရမည့် နည်းလမ်းတစ်ရပ်ကို ချမှတ်ခဲ့သည်။ တရားရုံး၏စီရင်ထုံးဥပဒေ (the case–law of the Court) အရ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို သာမန်တရားရုံးများက လိုက်နာကျင့်သုံးသည့်အခါ ကွဲပြားသည့် အဓိပ္ပာယ်များစွာ ဖွင့်ဆိုနိုင်ကြောင်း၊ မူရင်းဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ယင်းဥပဒေပါ အကြောင်းအရာပြဋ္ဌာန်းချက်အပေါ်အခြေခံ၍ အမှုအား ဆုံးဖြတ်ခြင်းသည် သာမန်တရားရုံးများက သီးခြားဆောင်ရွက်ပိုင်ခွင့်ရှိသည့် အခွင့်အရေးဖြစ်ပြီး၊ သာမန်တရားရုံးများက ထိုဥပဒေပြဋ္ဌာန်းချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် အချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဝင်ရောက်စွက်ဖက်ခြင်း မပြုပေ။ ထိုကဲ့သို့သောအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် သာမန်တရားရုံးများက ဖွင့်ဆိုသည့် သီးခြားအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ အပေါ် သုံးသပ်အကဲဖြတ်သည်။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် ယေဘုယျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆိုသည့် ပြဿနာမရှိသော်လည်း၊ ဥပဒေပြဋ္ဌာန်းချက်ပါ အကြောင်းအရာတစ်ခုချင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိလျှင် တရားရုံးသည် ယင်းဥပဒေပြဋ္ဌာန်းချက် တစ်ခုလုံးကို ပယ်ဖျက်ခြင်းမပြုဘဲ၊ ပြဋ္ဌာန်းထားသည့် အကြောင်းအရာတစ်ခုချင်းစီကိုသာ ပယ်ဖျက်ပြီး၊ သာမန်တရားရုံးများက အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ၎င်း၏ စီရင်ချက်တွင် ဖော်ပြပေး ရသည်။ အဆိုပါအမှုမျိုးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသော ဥပဒေပြဋ္ဌာန်းချက်သည် ဥပဒေပြုရေးဆိုင်ရာ ကြိုတင်အသိပေးခြင်း/ ဥပဒေဆိုင်ရာ သံတော်ဆင့်ခြင်း (the Legislative Herald) အဖြစ် တိုက်ရိုက် အသိပေးခြင်းဖြစ်ပြီး၊ ရလဒ်အနေဖြင့် အဆိုပါ ဆုံးဖြတ်ချက်ကို လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် လွှတ်တော်မှ နောက်ထပ်ဥပဒေရေးရာ ပြုပြင်မှုများကို ပြုလုပ်ရန် မလိုအပ်တော့ပါ။ သို့ရာတွင် ထိုအမှုမျိုးတွင်

သာမန်တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သတ်မှတ်ချက်စံ (the standards) အား အပြည့်အဝ ထည့်သွင်းစဉ်းစား ရမည်။

ပြီးခဲ့သောနှစ်များက ကျင့်သုံးခဲ့သော တရားရုံးအလေ့အထများအပေါ် လေ့လာဆန်းစစ်ချက်အရ သာမန်တရားရုံးများ၏ တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ကြေညာထားသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ကြေညာထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် အကြောင်းအရာများကို အသုံးမပြုကြတော့ကြောင်း ဖော်ပြထားသည်။ တစ်ချိန်တည်းတွင် သာမန်တရားရုံး တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်များကို ကျိုးကြောင်းဆင်ခြင်ခြင်း သို့မဟုတ် ဥပဒေပါပြဋ္ဌာန်းချက်များအား ကွဲပြားစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ချက်များတွင် ကောက်နုတ် ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သတ်မှတ်ချက် စံများ (constitutional standards) ကို အမှုစီရင်သည့်အခါ မကြာခဏ အသုံးပြုကြသည်။ ထို့အပြင် သာမန်တရားရုံးများ၏ တရားသူကြီးများသည် ဥပဒေအဖြစ်သတ်မှတ်သည့် ဥပဒေစံများ ( normative acts) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ ဆန်းစစ်ရာတွင် များစွာသောအမှုများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုအမှုတွဲများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ရည်ညွှန်းလွှဲပြောင်းခဲ့ကြသည်။

သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများ ဆက်လက် ရှိနေဆဲဖြစ်သည်။ ဥပမာအားဖြင့် အမှုတစ်မှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အငြင်းပွားသည့်ပြဋ္ဌာန်းချက်အား ပျက်ပြယ်ကြောင်း အတိအကျ သတ်မှတ်သည့်နေ့ ရောက်သည်အထိ ၎င်း၏စီရင်ချက်ကြေညာခြင်းကို ရွှေ့ဆိုင်းခဲ့သည်။ သို့သော် ပါလီမန်သည် အငြင်းပွားသည့်ပြဋ္ဌာန်းချက်၏တရားဝင် ဥပဒေအာဏာသက်ရောက်မှု ရပ်စဲသွားသော်လည်း သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ဥပဒေပြုပြင်ပြဋ္ဌာန်းခြင်း မရှိခဲ့ပေ။ ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပါလီမန်က ပြုပြင်ပြဋ္ဌာန်းသည့်ဥပဒေစည်းမျဉ်းများ မရှိသောကြောင့် နိုင်ငံ၏ အမြင့်ဆုံးတရားရုံးသည် ဥပဒေအာဏာသက်ရောက်မှု ရပ်စဲခဲ့ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော ဥပဒေပြဋ္ဌာန်းချက်ကိုပင် ဆက်လက်အသုံးပြုခဲ့ရသည်။

## ၄-၅ စာတမ်းနိဂုံးချုပ်

အထက်ပါအကြောင်းများအရ သင့်လျော်သည့် ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းခြင်းမရှိဘဲ ဆက်လက်သုံးစွဲရန် ခွင့်ပြုထားခြင်းသည် လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ပေးခြင်းအပေါ် အနုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုရှိလာနိုင်သည်။ ထို့ကြောင့် ပါလီမန်နှင့် အခြားသက်ဆိုင်ရာအာဏာပိုင်တို့သည် သင့်လျော်သည့် ပြုပြင်

ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းများမရှိဘဲ၊ တရားရုံးများအကြား ဆက်ဆံရေးကို ဆက်လက်တည်ရှိနေစေခြင်း မရှိစေရန်အတွက် လည်းကောင်း၊ သာမန်တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များကို ထိရောက်စွာ လိုက်နာအကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တွင် အခက်အခဲအတားအဆီးများ မကြုံတွေ့စေရန်အတွက်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်သည့် သင့်လျော်သည့် အချိန်အတွင်း သက်ဆိုင်ရာဥပဒေများကို ပြုပြင်ပြဋ္ဌာန်းခြင်း ပြုလုပ်ရပေမည်။

## ၅။ နိဂုံး

ယခုတင်ပြပါ ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များ တရားဝင်အကျိုးသက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ဆောင်းပါးတွင် ဆောင်းပါးရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရာတွင် ထိရောက်စေရန် ဆောင်ရွက်ရသည့် နည်းနာများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အမှုများ၏ သက်ဆိုင်ရာစီရင်ချက်များဖြင့် ဥပမာပြု တင်ပြထားပါသည်။

## ၆။ လေ့လာတွေ့ရှိချက်

ဂျော်ဂျီယာနိုင်ငံသည် တစ်ပြည်ထောင်သမ္မတနိုင်ငံ ဖြစ်သည်။ နိုင်ငံတော်၏အာဏာကို အာဏာခွဲဝေကျင့်သုံးမှု မူသဘောတရားအပေါ်အခြေခံ၍ ပိုင်းခြားကျင့်သုံးကြောင်း ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ဥပဒေပြုရေးတွင် လွှတ်တော်တစ်ရပ်တည်းကျင့်သုံးသည့် စနစ်ဖြစ်ပြီး အုပ်ချုပ်ရေးတွင် သမ္မတနှင့် ဝန်ကြီးချုပ်တို့က ကျင့်သုံးဆောင်ရွက်ကြသည်။ တရားစီရင်ရေးတွင် သာမန်တရားရုံးစနစ်၌ တရားလွှတ်တော်ချုပ်သည် အမြင့်ဆုံးအယူခံတရားရုံးဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကိုလည်း ဖွဲ့စည်းတည်ထောင်ထားကြောင်း တွေ့ရှိရပါသည်။

အစိုးရ၏ မဏ္ဍိုင်ကြီး ၃ ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့၏ သက်တမ်းသတ်မှတ်မှုသည် တူညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများကို ရွေးချယ်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာကြီး ၃ ရပ်မှ အသီးသီး ၃ ဦးကျစီ ရွေးချယ်ကြသည်ကို တွေ့ရှိရပါသည်။

ဂျော်ဂျီယာနိုင်ငံသည် Civil Law Legal system ကို ကျင့်သုံးသော နိုင်ငံဖြစ်သည့်အားလျော်စွာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာထိန်းညှိမှု/ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ (Constitutional Review/ Constitutionality Test) တို့ကို ဆောင်ရွက်သည့် Centralized Model ကို အသုံးပြုသည့်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်

ဖွင့်ဆိုခွင့်အာဏာကို သာမန်တရားရုံးများတွင်လည်း ပေးအပ်ထားကြောင်းကိုလည်း တွေ့ရှိရပါသည်။ သို့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်ဓိပ္ပာယ်ဖွင့်ဆိုရာတွင် အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားနေပြီး တရားသူကြီးများတွင် ဝန်ထုတ်ဝန်ပိုးဖြစ်သွားစေကြောင်း စာတမ်းပါဆောင်းပါးတွင် ဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် အမှုများကိုစိစစ်ရာတွင် ကျင့်သုံးသည့်ပုံစံသည် Decentralized System ကို အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုတင်ပြပါစာတမ်းပါ ဆောင်းပါးအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်သည် ကျန်အာဏာကြီး ၂ ရပ်နှင့် သာမန်တရားရုံးတို့က လိုက်နာအကောင်အထည်ဖော်ရမည်ဖြစ်ရာ အဆိုပါတာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိဆဲဖြစ်ကြောင်း ဆောင်းပါးရှင်က ဖော်ပြခဲ့သည်။

ထို့အပြင် သာမန်တရားစီရင်ရေးစနစ်တွင် ဖွဲ့စည်းထားသည့် တရားလွှတ်တော်ချုပ်အပါအဝင် သာမန်တရားရုံးအဆင့်ဆင့်၏ အပြီးသတ်ဆုံးဖြတ်ချက် (မီးသေဆုံးဖြတ်ချက်) များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်တစ်ရပ်သည် နောက်ကြောင်းပြန် အကျိုးသက်ရောက်စေသည့် အာဏာကိုလည်း ပြစ်မှုဆိုင်ရာအမှုများတွင် ပေးအပ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်တစ်ရပ်သည် ပြစ်မှုဆိုင်ရာအမှုများတွင် နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိသည့်အတွက် ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် နိုင်ငံသားများ၏ အခွင့်အရေးနှင့်ပတ်သက်သည့် မျှတသော တရားယှဉ်ပြိုင်ခွင့်အခွင့်အရေး (the right to fair trial) နှင့်အညီ ပေးအပ်ထားပြီး ထိုသို့ ပေးအပ်ထားသည့်အတွက် အပြီးသတ်မီးသေမှုများသည်လည်း ပြန်လည်အမှုဖွင့်နိုင် (reopening the case) ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်သည် တရားမနှင့် စီမံခန့်ခွဲရေး ဆိုင်ရာအမှုများတွင်လည်း သာမန်တရားရုံးများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ နောက်ဆုံးတရားရုံးများ၏ စီရင်ချက်အပေါ် အယူခံဝင်ရာတွင် ခိုင်လုံသောဥပဒေအခြေခံအဖြစ် အကိုးအကား ပြုသင့်သည်ဟု ဖော်ပြခဲ့ကြသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ဂျော်ဂျီယာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ စီရင်ချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် ဥပဒေများ၊ ပြဋ္ဌာန်းချက်များကို မည်သည့်နေ့ရက်တွင် ပယ်ဖျက်ရမည်ဟု အတိအကျ ဖော်ပြချက်များရှိသကဲ့သို့ အများပြည်သူအကျိုးစီးပွားအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသည့် ပြဋ္ဌာန်းချက်အား စီရင်ချက်ချသည့်နေ့တွင်

ချက်ချင်း ပျက်ပြယ်မည်ဖြစ်သောကြောင့် အဆိုပါအချက်ကို အထောက်အထားပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပျက်ပြယ်ရမည့်နေ့ရက်ကို ၎င်း၏စီရင်ချက်တွင် ဖော်ပြခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ အများပြည်သူ၏အကျိုးစီးပွားအလို့ငှာ ပယ်ဖျက်ရမည့်နေ့ မရောက်မချင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်ကို အများပြည်သူသို့ ထုတ်ပြန်ခြင်းမပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် ဂျော်ဂျီယာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဥပဒေပြဋ္ဌာန်းချက်များ၏ စံသတ်မှတ်ချက်များကို သာမန်တရားရုံးများ၏ တရားစီရင်ရေးတွင် အထောက်အကူပြုစေမည့် စဉ်းစားတွေးခေါ်မှုများ အဖြစ် ၎င်း၏စီရင်ချက်တွင် သတ်မှတ်ဖော်ပြပေးကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများ၏ ဥပဒေစံများကို အဆင့်အလိုက် အရေးကြီးမှုကိုလည်း သတ်မှတ်ဖော်ပြပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုတင်ပြသည့်စာတမ်းပါဆောင်းပါးကို လေ့လာခြင်းဖြင့် ဂျော်ဂျီယာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အမှုများအပေါ် စဉ်းစားဆင်ခြင်သုံးသပ်မှုများ၊ အများပြည်သူ၏ အကျိုးစီးပွားကိုရှေးရှု၍ ဆုံးဖြတ်သုံးသပ်သည်များနှင့် တရားစီရင်ရေးစနစ်တွင် လက်တွေ့ဆောင်ရွက်မှုများကို လေ့လာတွေ့ရှိရပါသည်။

## ၇။ ရည်ညွှန်းကိုးကားချက်များ

(၁) Georgia Constitution, 1995 ( with Amendment through 2018)

(၂) Constitutional Justice in Asia, Current Problems in Execution of Judgment: Constitutional Justice, Online 9th Summer School of the AACC, The Center for Traing and Human Resources Development, 7 - 8 September 2021, Ankara

(၃) https://en.wikipedia.org/wiki/Georgia_(country)

(၄) https://en.wikipedia.org/wiki/Administrative_divisions_of_Georgia_(country)

https://www.constcourt.ge/en/home

(၅) https://en.wikipedia.org/wiki/Constitution_of_Georgia_(country)

(၆) https://matsne.gov.ge/en/document/view/30346

(၇) https://www.constcourt.ge/en/home